# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းသည့် အဆိုများ

| စဉ် | တင်သွင်းသူအမည်၊ မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ | အဆိုအကြောင်းအရာ | အဆိုတင်သည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဦးမင်းဦး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဦးဖေတင် ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်း အဆို။ | ၄-၁၁-၂၀၁၉ ပထမနေ့ | - | - | မှတ်တမ်းတင် |
| ၂ | ဦးစခင်ဇော်လင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | မြန်မာနိုင်ငံတွင် တစ်စတစ်စ ပြုန်းတီးလျက်ရှိသော ကြိုးဝိုင်း၊ ကြိုးပြင်တောများ အပါအဝင် သစ်ပင်သစ်တောများ ပြန်လည်ရှင်သန် စိုပြေလာစေရေးနှင့် သစ်ပင်သစ်တောများကို အခြေခံပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် Word Bank, ADB, WWF စသည့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ငွေကြေးနှင့်နည်းပညာ ကူညီထောက်ပံ့မှုများဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အတွင်းရှိ သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည် (Capacity)၊ လုပ်ငန်းစဉ်များ (Functions) နှင့် ကျင့်ဝတ်သိက္ခာ (Ethics) များ ပိုမိုအဆင့်အတန်းမြင့်မားလာစေရန် အထူးသင်တန်းများပေးပြီး အားပေးစည်းရုံး ပညာပေးသင်ကြားရန်နှင့် ၎င်းသစ်တောဝန်ထမ်းများ လိုအပ်လျက်ရှိသော ခေတ်မီလက်နက်ကိရိယာ Facilities and equipments များကို စနစ်တကျ တပ်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို။ | ၇-၁၁-၂၀၁၉ တတိယနေ့ | ၂၉-၁၁-၂၀၁၉(နဝမနေ့) | သယံဇာတ/ ပတ်ဝန်းကျင် ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ | အတည်ပြု |

| စဉ် | တင်သွင်းသူအမည်၊ မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ | အဆိုအကြောင်းအရာ | အဆိုတင်သည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၃ | ဦးကိုကိုနိုင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်အသီးသီးတွင် အစိုးရ အဆက်ဆက် အသုံးပြုခဲ့သော လက်ရှိအသုံးပြုခြင်း မရှိတော့ဘဲ တဖြည်းဖြည်း ဟောင်းနွမ်းယိုယွင်း ပျက်စီးနေပြီဖြစ်သည့် အဆောက်အဦများ တည်ရှိရာ ဝန်ကြီးဌာနပိုင်မြေများ၊ ကျေးရွာများရှိ စပါးဒိုင်အဆောက်အဦနှင့် မြေနေရာများအား မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အများပြည်သူအကျိုးဖြစ်ထွန်းသော လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် မြို့ပြမြေ ရှားပါးမှုကို ဖြေရှင်းနိုင်ရန်အတွက်လည်းကောင်း၊ မြို့စီမံခန့်ခွဲခွင့်ရ မြေနေရာများ (City Land) အဖြစ် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြန်လည်စွန့်လွှတ် လွှဲပြောင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂-၁၂-၂၀၁၉<br>ဒုသမနေ့ | ၁၈-၁၂-၂၀၁၉<br>(၁၇ ရက် မြောက်နေ့) | စီမံ၊ဘဏ္ဍာ/စက်မှု ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း | အတည်ပြု |

| စဉ် | တင်သွင်းသူအမည်၊ မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ | အဆိုအကြောင်းအရာ | အဆိုတင်သည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၄ | ဒေါက်တာခွန်ဝင်းသောင်း ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ကချင်ပြည်နယ်သာမက တခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့တိုင် ဇကေများစွာ ဆက်လက်စိုက်ပျိုးလျက်ရှိသော တရုတ် တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို စည်းကမ်းတကျ ထိန်းသိမ်းကွပ်ကဲနိုင်စေရန်၊ ရေရှည်တွင်ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများအား ကြိုတင်တားမြစ်နိုင်ရန်နှင့် ရသင့်သော အခွန်ဘဏ္ဍာများရရှိနိုင်ရန်အလို့ငှာ သက်ဆိုင်သည့် ဌာနအသီးသီးတို့မှ ဟန်ချက်ညီညီ ပါဝင်လုပ်ဆောင်နိုင်မည့် ထိရောက်သည့် မူဝါဒလမ်းညွှန်မှု စီမံချက် တစ်ရပ်ရပ်ကို ချမှတ်၍ အဓိကကျသည့် ဝန်ကြီးဌာန အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၄-၁၂-၂၀၁၉ (၁၁ ရက် မြောက်နေ့) | ၁၆-၁၂-၂၀၁၉ (၁၆ ရက် မြောက်နေ့) | စိုက်မွေး/ ဆည်မြောင်း ဒုတိယဝန်ကြီး ဦးလှကျော် | အတည်ပြု |